လေးစားမှုရှိသည့် လုပ်ငန်းခွင်များ။

လုပ်ငန်းခွင်နိုင်ထက်စီးနင်းခြင်းဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ပုံစံများ

လုပ်ငန်းခွင်တွင်နိုင်ထက်စီးနင်းပြုခြင်းဆိုသည်မှာ -

ကျန်းမာရေးနှင့်လုံခြုံရေးအား ဥပဒေဖြစ်စေနိုင်သည့် အပြုအမူများကို ဝန်ထမ်းတစ်ဦး(သို့) ဝန်ထမ်းများအားလုံးအပေါ် ကျိုးကြောင်းသင့်လျော်မှုမရှိဘဲ ထပ်တလဲလဲ ပြုလုပ်ခြင်းကိုဆိုလိုသည်။

ယင်းတို့မှာ -

- ရန်ရင်း ကြမ်းတမ်းသည့်၊ ရိုင်းပျ စော်ကားသည့် (သို့မဟုတ်) စိတ်အနှောက်အယှက်ဖြစ်စေသည့် စကား၊ အသုံးအနှုန်း (သို့မဟုတ်) မှတ်ချက်။
- တရားနည်းလမ်း မကျသည့် ဂေဖန်မှုပြုခြင်း (သို့မဟုတ်) အပြစ်တင်ခြင်း။

- ဝန်ထမ်းများအပေါ် ရန်လိုချင်တစ်ဖုံ ခြိမ်းခြောက်ချင်တစ်ဖန် စိမ်ခန့်ခွဲ ကြီးကြပ်ခြင်း။
- အကြောင်းတစ်စုံတစ်ရာမရှိဘဲ အလုပ်မှထုတ်ပယ်မည် (သို့မဟုတ်) ပြင်းပြင်းထန်ထန်အပြစ်ပေးမည် ဟု အကြိမ်ကြိမ် ခြိမ်းခြောက်ခြင်း။

- တစ်ဖက်သားကို နစ်နာအောင် မကြာခဏ ကဲ့ရဲ့ခြင်း။ လှောင်ပြောင်သရော်မှုပြုခြင်း။
- တစ်စုံတစ်ဦးကို အရှက်ခွဲခြင်း။
- နောက်ပြောင်ကျီစယ် ဟားတိုက်ခြင်း။ (သို့မဟုတ်) ထိုသို့ပြုလုပ်ကျီစယ်ရန် အစပြုခြင်း။

- တစ်စုံတစ်ဦးအကြောင်း အတင်းအဖျင်းပြောဆိုခြင်း၊ (သို့မဟုတ်) တစ်စုံတစ်ဦးပျက်စီးရာပျက်စီးကြောင်းရည်ရွယ်ပြီး ကောလဟာလဖြန့်ခြင်း
- တစ်စုံတစ်ဦးကို အလုပ်နှင့်ပတ်သက်သည့် ကိစ္စရေးရာများတွင် တမင်တကာ ချန်လှပ်ထားခြင်း။

- အချိန်မီအလုပ်မပြီးစီးနိုင်သည့်၊ မဖြစ်နိုင်သည့် အချိန်ဇယားများကို ချမှတ်ခြင်း (သို့မဟုတ်) အလုပ်ပြီးစီးရန်သတ်မှတ်ထားသည့် နောက်ဆုံးအချိန်ကို မကြာခဏ ပြောင်းလဲသတ်မှတ်ခြင်း။
- လူတစ်ဦး၏ လုပ်ကိုင်နိုင်စွမ်းရည်ထက်ကျော်လွန်သည့်အလုပ်များ (သို့မဟုတ်) လူတစ်ဦး၏ လုပ်ကိုင်နိုင်စွမ်းရည်ထက် နိမ့်ကျသည့် အလုပ်များကို မတော်မတရား ခိုင်းစေခြင်း။
- ဝန်ထမ်းတစ်ဦး (သို့မဟုတ်) ဝန်ထမ်းများအားလုံးကို ကရိကထများစေပြီး အဆင်မပြေဖြစ်ရန် တမင်တကာကြံရွယ်၍ အလုပ်အစီအစဉ်များကို ပြောင်းလဲအစားထိုးခြင်း။

- တစ်စုံတစ်ဦး၏အလုပ်ကို တမင် ပျက်စီးအောင်ပြုလုပ်ခြင်း။ ဥပမာ။ ။ အောက်ပါအချက်များဖြစ်ပါသည်။ ယင်းတို့မှာ စီမံခန့်ခွဲရန် ငြင်းဆိုခြင်း၊ တခြားလိုအပ်သောအရင်းအမြစ်များမပေးခြင်းနှင့် လို အပ်သောဆွေးနွေးမှုများပြုလုပ်ရန် ငြင်းဆိုခြင်း၊ မမှန်ကန်သော သတင်းအချက်အလက်ပေးခြင်း၊ သတင်းထိန်ချန်ခြင်း၊ စာရွက်စာတမ်းများနှင့် ပစ္စည်းကိရိယာများကို ပျက်ဆီးခြင်းနှင့် သိုဝှက်ထားခြင်း၊ စာတို သတင်းရရှိပါက ပြန်လည်လက်ဆင့်ကမ်းပြောပြ မှုမရှိခြင်း။ တခြားသောနည်းလမ်းများဖြင့် တစ်စုံတစ်ဦးအား အခက်တွေ့ ဒုက္ခရောက်အောင်ပြုလုပ်ခြင်း။
- တစ်စုံတစ်ဦးဝိုင်းဆိုင်သည့် ဥစ္စာပစ္စည်းအား ဝင်ရောက် ခြယ်လှယ်၊ စွက်ဖက်ခြင်း။

အစီရင်ခံစာအပြည့်အစုံကို ဒီလင့် http://wrld.bg/I0cV30o0GPo တွင် ဒေါင်းလုဒ် ရယူနိုင်သည်။

သတင်းအချက်အလက်ပိုမိုသိလိုပါက ဆက်သွယ်ရန် : Ellen Maynes emaynes@ifc.org, the DaNa Facility info@danafacility.com.

လေးစားမှုရှိသည့် လုပ်ငန်းခွင်များ။

လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ခြင်းဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ပုံစံများ

လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ခြင်းဆိုသည်မှာ -

လိင်ဆိုင်ရာဖြစ်တည်မှုကို အခြေပြုပြီး ကာယကံရှင် မလိုလားသည့် အပြောအဆို၊ အနေအထိုင်ကို ပြုမှု၍ တစ်စုံတစ်ဦးအား အရှက်ခွဲခြင်း၊ကြောက်လန့်စေခြင်း၊ စော်ကားရာရောက်ခြင်းကို ဆိုလိုပါသည်။

ယင်းတို့မှာ -

- ရိုသဲ့သဲ့ နှောက်ယှေးခြင်း။ ဝေဖန်ပုတ်ခတ်ခြင်း။
- လိင်ဆိုင်ရာဖြစ်တည်မှုကို အခြေပြုပြီး မခံချိ မခံသာဖြစ်အောင် ထိကပါးရိကပါးပြောဆိုခြင်း။ ဆဲရေး တိုင်းထွာ စော်ကား ရန်စခြင်း။
- ကာယကံရှင်လိုလားမှုမရှိသော လိင်ဆက်ဆံမှုပြုလုပ်ရန် မြှူဆွယ်ခြင်း
- ကာယကံရှင်မှ မလိုလားပြင်းဆိုနေသည့်ကြားမှ နစ်ယောက်အတူသီးသန့်တွေ့ဆုံရန် မရမနေ ထပ်ကာထပ်ကာ တောင်းဆိုခြင်း။
- သူတစ်ပါး၏ ကိုယ်ရေးကိုယ်တာကိစ္စ (သို့မဟုတ်) ခန္ဓာကိုယ်အား ထိပါး အနှောက်အယှက်ဖြစ်စေသည့်မေးခွန်းများမေးခြင်း။

- လူမှုကွန်ရက်စာမျက်နှာပေါ်မှတဆင့် ကာယကံရှင်မလိုလားသည့် ချဉ်းကပ်မှုမျိုးပြုလုပ်ပြီးနှောက်ယှက်ရန် ကြိုးပမ်းခြင်း။
- လိင်ဆိုင်ရာမဖွယ်မရာ ဓာတ်ပုံများ၊ ဗိုလ်တာများ၊ စာတိုများ၊ ကွန်ပြူတာ ဖန်ပြင်ရွှေ့လျားရုပ်ပုံများ (စကရင်ဆေ့ဗာ)၊ အီးမေးလ်များ၊ တွစ်များ၊ လူမှုကွန်ရက်စာမျက်နှာပိုစ့်များ၊ SMS နှင့် (စာရိုက်ဆက်သွယ်ရသည့်) chat များ
- လုပ်ငန်းခွင်အတွင်းတွင် လိင်ဆိုင်ရာမဖွယ်မရာများကို အင်တာနက် ဝက်ဆိုဒ်တွင် ဝင်ရောက်ကြည့်ရှုခြင်း။

- လုပ်ငန်းခွင်ပြင်ပတွင် စိတ်အနှောက်အယှက်ဖြစ်စေသည့် ဆက်သွယ်၊ ပတ်သက်မှု ပြုခြင်း (သို့မဟုတ်) မသင့်လျော်သည့် ညစ်ညမ်း ပြောဆို၊နေထိုင်မှု ပြုခြင်း။

- ပြစ်မှုဆိုင်ရာ ဥပဒေအရ အရေးယူအပြစ်ပေးနိုင်သည့် အပြုအမှု ပြုခြင်း။

- ကာယကံရှင် မလိုလားဘဲ ကိုယ်တွယ်ခြင်း၊ ပွတ်သပ်ခြင်း၊ ပွေ့ဖက်ခြင်း (သို့မဟုတ်) (နှုတ်ခမ်းဖြင့်) နမ်းရှက်ခြင်း။
- မလိုအပ်ဘဲ အရောဝင်ရန်ကြိုးပမ်းခြင်း။
- ဥပမာ - အနီးမှဖြတ်သွားစဉ် ကိုယ်ခန္ဓာ အစိတ်အဝိုင်းကို ကိုင်တွယ်၊ ထိတွေ့ရန် တမင်တကာကြိုးပမ်းခြင်း။

- မနှစ်မြို့ဖွယ်အကြည့်ဖြင့် ငေးစိုက်ကြည့်ခြင်း။

မိတ်ဖက်အဖွဲ့အစည်းများ

DaNa Facility
Empowering Enterprise

UKaid
from the British people

Australian Aid

UMBRELLA FACILITY FOR GENDER EQUALITY

ADMINISTERED BY WORLD BANK GROUP

IFC International Finance Corporation
WORLD BANK GROUP
Creating Markets, Creating Opportunities